**ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

www.knuhq.org

# ကော်သူးလေတွင်းရှိကျောင်းများဘေးကင်းမှုဆိုင်ရာကြေညာစာတမ်း

ရက်စွဲ - ၉ - ၉ - ၂၀၂၄

**နိဒါန်း-**

ကရင်အမျိုးသားအစည်းအရုံး (KNU) သည် ကော်သူးလေအတွင်း နေထိုင်သည့် ကလေးများ အားလုံး၏ ပညာသင်ကြားခွင့်ကို အသိအမှတ်ပြုပြီး လက်ရှိဖြစ်ပေါ်နေသည့် လက်နက်ကိုင် ပဋိပက္ခ များကြောင့် ကျောင်းသား ကျောင်းသူများ၊ ဆရာများနှင့် ကျောင်းများ၏ ဘေးကင်းရေး စိတ်ချ လုံခြုံရေး နှင့် ကျန်းမာရေးကို စိုးရိမ်ပူပန်လျက် ဤ ကြေညာစာတမ်းကို ထုတ်ပြန်အပ်ပါ သည်။ ပဋိပက္ခများနှင့် မတည်ငြိမ်မှုများကြောင့် စိန်ခေါ်မှုများရှိနေသော်လည်း လုံခြုံသော ပညာရေး ပတ်ဝန်းကျင်တစ်ခု ဖန်တီးရန် KNU က ကတိပြုပါသည်။ ၂၀၁၃ ခုနှစ်တွင် KNU သည် လက်နက် ကိုင်ပဋိပက္ခ၏ သက်ရောက်မှုများမှ ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရေး ကတိကဝတ် စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ပဋိပက္ခနယ်မြေများရှိ ကလေးသူငယ်များအား အကာအကွယ် ပေးရန် မိမိတို့၏ သဘောထားကို အတိအလင်းဖော်ပြထားခဲ့ပါသည်။ ယခုကြေငြာစာတမ်းတွင် ကျောင်းများသည် သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘေးကင်းလုံခြုံသော နေရာများအဖြစ် ရှိကြောင်း သေချာစေရန် မိမိတို့၏ကတိကဝတ်ကိုအလေးပေးဖော်ပြကာ အောက်ပါ နယ်ပယ် များကို အဓိကထားလုပ်ဆောင်သွားမည်ဖြစ်ပါသည်။

**၁။ အရေးပေါ်အကူအညီများ**

**၂။ ပညာရေး တိုက်ခိုက်ခြင်းမှ ကာကွယ်ခြင်း**

**၃။ ကလေးများနှင့် ဆရာများ၏ အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း**

**၄။ မှတ်တမ်းပြုစုခြင်းနှင့် အစီရင်ခံခြင်း**

**အရေးပေါ်အကူအညီများ**

***အရေးပေါ် ကြိုတင်ပြင်ဆင်မှု*** - KNU သည် ပညာရေးအာဏာပိုင်များ၊ ရပ်ရွာလူထုများနှင့် ပူးပေါင်းဆောင်ရွက်ပြီး အရေးပေါ်အခြေအနေများအတွက် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခြင်း သို့မဟုတ် ကျောင်းများယာယီ ပိတ်ခြင်းကဲ့သို့သော ရှင်းလင်းသောလုပ်ထုံးလုပ်နည်းများအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည် ။ထို့အပြင် ကျောင်းများနှင့် အနီးနားရှိ ရပ်ရွာများ အတွင်း ဘေးကင်းသောဇရိယာ သတ်မှတ် ထူထောင်ခြင်း တို့လည်းပါဝင်သည်။

***စိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီမှု*** - KNU သည် လက်နက်ကိုင်ပဋိပက္ခများကြောင့် ကျောင်းသားများ နှင့် ဝန်ထမ်းများအပေါ် စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုရှိသည် အသိအမှတ်ပြုသည်။ အရေးပေါ်အခြေအနေ များ အတွင်းနှင့် နောက်ဆက်တွဲအခြေအနေတွင် လည်းကောင်းတို့၏ ကျန်းမာရေးကို အာမခံမှုရှိစေရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် သွားပါမည်။

**ပညာရေးတိုက်ခိုက်ခံရခြင်းမှ ကာကွယ်မှု**

***ကျောင်းများအား စစ်ရေးရည်ရွယ်ချက်ဖြင့် အသုံးမပြုခြင်း*** - ကော်သူးလေအတွင်းရှိ စာသင်ကျောင်း များကို အခြေစိုက်စခန်း၊ စုဆောင်းရေးနေရာများ သို့မဟုတ် သိုလှောင်ရုံများ အပါအဝင် မည်သည့် စစ်ရေးရည်ရွယ်ချက်အတွက် အသုံးမပြုရပါ။ KNU သည် ၎င်း၏ ထိန်းချုပ် လွှမ်းမိုးထားသည့် နယ်ပယ်များ အတွင်း ဤမူကို လိုက်နာရန် ကတိပြုပြီး ကျယ်ကျယ်ပြန့်ပြန့် လက်ခံကျင့်သုံးနိုင်ရန်အတွက် လည်းထောက်ခံ အားပေးသွားမည်ဖြစ်သည်။

***ရပ်ရွာလူထုနှင့် ထိတွေ့ဆက်ဆံမှု*** - ကော်သူးလေအတွင်းရှိ လူမှုအဖွဲ့အစည်းအားလုံးနှင့် လက်တွဲ၍ ကျောင်းများနှင့် လူမှုအဖွဲ့အစည်းများအား ခြိမ်းခြောက်မှုများ ဖြစ်လာနိုင်ချေရှိပါက ကြိုတင် သတိပေးနိူးဆော် ရန် နှင့် ရှင်းလင်းသော ဆက်သွယ်ရေးလမ်းကြောင်းများအပါအဝင် အခြား ကြိုတင်သတိပေးစနစ်များ ထူထောင်ရန် လုပ်ဆောင်သွားမည်။

**ကလေးများနှင့် ဆရာများ၏ အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း**

***လုံခြုံသောသင်ကြားမှုဝန်းကျင်*** - KNU သည် ကော်သူးလေရှိ စာသင်ကျောင်းများအတွက် အခြေခံအဆောက်အအုံလိုအပ်ချက်များကို ဖော်ထုတ်ဖြေရှင်းရန် သက်ဆိုင်ရာ ပညာရေး အာဏာပိုင် များနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ ပျက်စီးနေသော အဆောက်အဦများကို ပြုပြင်ခြင်း၊ ဘေးကင်းသော အကာအကွယ်များ ဆောက်လုပ်ခြင်းနှင့် ရေသန့်နှင့် မိလ္လာ ဆိုင်ရာ ကဲ့သို့သော မရှိမဖြစ် လိုအပ်သည့် အထောက်အပံ့များ ပေးဆောင်ခြင်းတို့ ပါဝင်သည်။

***ဆရာအတတ်သင်သင်တန်း*** - KNU သည် ပဋိပက္ခဖြစ်ချိန်အတွင်း ကျောင်းသားများအား ပိုမို ကောင်းမွန်စွာ ပြုစုစောင့်ရှောက်နိုင်စေရန် ပံ့ပိုးပေးမည့် အရေးပေါ် ကြိုတင်ပြင်ဆင်မှု၊ ကလေး

သူငယ်ကာကွယ် စောင့်ရှောက်ရေး နှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုနည်းပညာများအား ဆရာ/ဆရာမများကို လေ့ကျင့်သင်ကြား ပေးသွားမည်ဖြစ်သည်။

**မှတ်တမ်းပြုစုခြင်းနှင့် အစီရင်ခံခြင်း**

***စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံခြင်း*** - KNU သည် ကျောင်းများ၊ ကျောင်းသားများနှင့် ဆရာများကို ထိခိုက်စေသည့် အကြမ်းဖက်မှု ဖြစ်စဉ်များကို မှတ်တမ်းတင်ခြင်းအတွက် စနစ်တစ်ခု ထူထောင်သွား မည်ဖြစ်သည်။ ထို့နောက် ထိုအချက်အလက်များအား သက်ဆိုင်ရာ ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုရေးရာ ညှိနှိုင်းရေးရုံး (OCHA)၊ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ (HRW)၊ ပညာရေးအား တိုက်ခိုက်မှုမှ ကာကွယ်ရန် ကမ္ဘာလုံးဆိုင်ရာ မဟာမိတ်အဖွဲ့ (GCPEA) နှင့် ကုလသမဂ္ဂ ကလေးသူငယ်များ ရန်ပုံငွေအဖွဲ့ (UNICEF) ကဲ့သို့သော သက်ဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်းများ ထံသို့ပေးကာ အစီအရင်ခံစာများထုတ်ပြန်ရန် လုပ်ဆောင်သွားမည်။

***စည်းရုံးရေး*** - KNU သည် အစီအရင်ခံစာများကိုအသုံးပြုကာ ကော်သူးလေရှိ ပညာရေးအား အကာအကွယ်ပေးရာ၌ နိုင်ငံတကာ၏ ပံ့ပိုးကူညီမှု နှင့် ပဋိပက္ခအတွင်း ကလေးများအားလုံး ပညာသင်ကြားခွင့်ကို အာမခံရန် စည်းရုံးလှုံ့ဆော်သွားမည်ဖြစ်သည်။

**နိဂုံး**

KNU သည် ကော်သူးလေမှ ကျောင်းသားများအားလုံး အရည်အသွေးပြည့်မီသော ပညာရေးကို ရရှိနိုင်သည့် ဘေးကင်းသော သင်ကြားရေးပတ်ဝန်းကျင်ကို ဖန်တီးရန် ရည်ရွယ်ပါသည်။ ဤကြေညာ ချက်ဖြင့် ပဋိပက္ခဖြစ်ပွားနေသောကာလအတွင်း ကော်သူးလေရှိ ကလေးများအားလုံး ပညာသင်ကြား ခွင့်အား နိုင်ငံတကာအသိုက်အဝန်း အပါအဝင် သက်ဆိုင်သူအားလုံး ပံ့ပိုးပေးရန် ကျွန်ုပ်တို့ တောင်းဆို အပ်ပါသည်။